## မျှော်လင့်မထားသော ငွေတောင်းခံလွှာများနှင့်ပတ်သက်ပြီး သင်၏ အခွင့်အရေးများနှင့် ကာကွယ်မှုများ

လုပ်ငန်းကွန်ရက်တွင် ပါဝင်သည့် ဆေးရုံ သို့မဟုတ် ခွဲစိတ်ဆောင်ရှိ လုပ်ငန်းကွန်ရက်တွင် မပါဝင်သည့် ဆေးကုပေးသူထံမှ သင် အရေးပေါ် စောင့်ရှောက်မှုခံယူသည့်အခါ သို့မဟုတ် ကုသခံသည့်အခါ လက်ကျန်ငွေ တောင်းခံခြင်းမှ သင့်အား ကာကွယ်ပေးထားသည်။ ဤကိစ္စ၌ သင့်အား သင့်အစီအစဉ်၏ စိုက်ပေးငွေ၊ ပူးတွဲအာမခံ နှင့်/သို့မဟုတ် နုတ်ခွင့်ရှိငွေ တို့ထက်ပို၍ သင် ကျသင့်ခံရလိမ့်မည် မဟုတ်ပါ။ ဤစာမျက်နှာအောက်ဆုံးနားရှိ ထပ်ဆောင်းထည့်ထားသည့် မကြာခဏ မေးလေ့ရှိသော မေးခွန်းများ (FAQs) ကိုကြည့်ပါ။

## "လက်ကျန်ငွေ တောင်းခြင်း" ("မျှော်လင့်မထားသော ငွေတောင်းခံခြင်း" ဟုလည်းခေါ်သည်) ဆိုသည်မှာ အဘယ်နည်း။

သင် ဆရာဝန် သို့မဟုတ် အခြား ကျန်းမာရေး စောင့်ရှောက်သူနှင့် ပြသသည့်အခါ သင် <u>စိုက်ပေးငွေ၊ ပူးတွဲအာမခံငွေ၊</u> နှင့်/သို့မဟုတ် <u>နုတ်ခွင့်ရှိငွေ</u> ကဲ့သို့သော <u>အိတ်စိုက်ပေးငွေများ</u> ပေးရနိုင်သည်။ သင်၏ ကျန်းမာရေး အစီအစဉ်၏ လုပ်ငန်းကွန်ရက်၌ မပါဝင်သည့် ဆရာဝန်နှင့်ပြသပါက သို့မဟုတ် ဆေးခန်းတစ်ခု၌ ပြသပါက သင့်အနေဖြင့် အပို ကုန်ကျစရိတ်များဖြစ်စေ၊ ကျသင့်ငွေ အကုန်လုံးကိုဖြစ်စေ ပေးရနိုင်သည်။

"လုပ်ငန်းကွန်ရက် ပြင်ပ" ဆိုလိုသည်မှာ ဆေးကုသပေးရန် သင့်ကျန်းမာရေး အစီအစဉ်တွင် စာချုပ်လက်မှတ် ရေးထိုးမထားသည့် ဆေးကုပေးသူများနှင့် ဆေးရုံ/ဆေးခန်းများကို ဆိုလိုသည်။ လုပ်ငန်းကွန်ရက် ပြင်ပ ဆေးကုပေးသူများအနေဖြင့် ဆေးကုခကုန်ကျငွေအပြည့်နှင့် သင့်အစီအစဉ်ကပေးသည့်ငွေ အကြား ကွာခြားသည့်ငွေပမာဏကို သင့်ထံမှ တောင်းခံနိုင်ပါသည်။ ၎င်းကို "လက်ကျန်ငွေ တောင်းခံခြင်း" ဟုခေါ်သည်။ ဤငွေပမာဏမှာ ဆေးကုသမှုအတူတူအတွက် သင့် လုပ်ငန်းကွန်ရက်က ပေးသည့် ကုန်ကျငွေများထက် ပိုများနေပြီး သင့် အစီအစဉ်၏ နုတ်ခွင့်ရှိငွေ သို့မဟုတ် နှစ်စဉ် အိတ်စိုက်ငွေ ကန့်သတ်ချက်တွင် ထည့်တွက်၍ မရနိုင်ပါ။

"မျှော်လင့်မထားသော ငွေတောင်းခံခြင်း" ဆိုသည်မှာ မျှော်လင့်မထားသော လက်ကျန်ငွေ တောင်းခံလွှာဖြစ်ပါသည်။ ၎င်းမှာ သင့် ကုသမှုတွင် ပါဝင်သူကို သင် ရွေး၍မရနိုင်သည့်အခါ ဖြစ်ပွားနိုင်သည် - ဥပမာအားဖြင့် အရေးပေါ်အခြေအနေ၌ သို့မဟုတ် သင် ဆေးရုံ/ဆေးခန်းတစ်ခုနှင့် ပြသသည့်အခါ လုပ်ငန်းကွန်ရက်တွင် မပါဝင်သည့် ဆေးရုံ/ဆေးခန်းက မမျှော်လင့်ဘဲ ဆေးကုသခံလိုက်ရသည့်အခါမျိုးတွင်ဖြစ်ပါသည်။ အချို့ မျှော်လင့်မထားသော ဆေးကုသခများမှာ ဆေးကုပေးသည့်အပေါ် မူတည်ပြီး ဒေါ်လာ ထောင်နှင့်ချီ၍ ကုန်ကျနိုင်ပါသည်။

## အောက်ပါကိစ္စများအတွက် လက်ကျန်ငွေ တောင်းခံခြင်းမှ သင့်အား ကာကွယ်ပေးထားသည်-

### အရေးပေါ် ကုသမှုများ

အကယ်၍ သင့်တွင် အရေးပေါ် ကုသရမည့်အခြေအနေရှိပြီး လုပ်ငန်းကွန်ရက် ပြင်ပရှိ ဆေးကုပေးသူ သို့မဟုတ် ဆေးရုံ/ဆေးခန်းမှ အရေးပေါ် ကုသမှုများကို ရယူပါက ၎င်းတို့အနေဖြင့် သင့်အား ကျသင့်ငွေ အများဆုံး တောင်းခံနိုင်သည်မှာ သင့်အစီအစဉ်၏ လုပ်ငန်းကွန်ရက်က ပေးမည့်ကုန်ကျငွေ ပမာဏ (စိုက်ပေးငွေများနှင့် ပူးတွဲအာမခံငွေ) သာ ဖြစ်ပါသည်။ ဤအရေးပေါ် ကုသမှုများအတွက် သင့်အား လက်ကျန်ငွေ တောင်းခံခြင်း **မပြုလုပ်နိုင်ပါ။** သင့်အနေဖြင့် ကျန်းမာလာပြီးနောက် လုပ်ပေးသည့် ဤဝန်ဆောင်မှုများအတွက် လက်ကျန်ငွေ တောင်းခံခြင်းမှ ကာကွယ်ပေးမှုကို

စွန့်လွှတ်ကြောင်း စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက် သင် ပေးထားသည်မှလွဲ၍၊ ၎င်းတွင် သင် သက်သာကောင်းမွန်လာပြီးနောက် လုပ်ရနိုင်သည့် ဝန်ဆောင်မှုများ အကျုံးဝင်သည်။

အရေးပေါ် ကုသမှုများ၌ သို့မဟုတ် ဆရာဝန်များအား ရွေးခွင့်မရှိသည့်ကိစ္စများ၌ မျှော်လင့်မထားသော ဆေးကုသခငွေတောင်းခံလွှာများတောင်းခံခြင်းမှ ပြည်နယ်-ကြပ်မတ်သည့် ကျန်းမာရေး အာမခံ (Taxas ပြည်သူ 16% ခန့်) ဖြင့် တက္ကဆက်စ် (Texas) ဥပဒေက လူနာများကို ကာကွယ်ပေးထားသည်။ ဤကဲ့သို့သော ကိစ္စများ၌ ဆရာဝန်များနှင့် ဝန်ဆောင်မှုပေးသူများက လူနာများသို့ မျှော်လင့်မထားသော ဆေးကုသငွေတောင်းခံလွှာများ ပေးပို့ခြင်းကို ဥပဒေက တားမြစ်ထားသည်။

## လုပ်ငန်းကွန်ရက်တွင် ပါဝင်သည့် ဆေးရုံ သို့မဟုတ် ခွဲစိတ်ကုသဆောင်ရှိ ဝန်ဆောင်မှု အချို့

လုပ်ငန်းကွန်ရက်တွင် ပါဝင်သည့် ဆေးရုံ သို့မဟုတ် ခွဲစိတ်ဆောင်ထံမှ သင် ကုသမှုခံယူသည့်အခါ ၎င်းရှိ အချို့ဆေးကုပေးသည့်ဆရာဝန်များမှာ လုပ်ငန်းကွန်ချာတွင် မပါဝင်သည့်သူများ ဖြစ်နိုင်သည်။ ဤသို့သောကိစ္စများ၌ ၎င်းတို့ သင့်ထံမှ အများဆုံး ငွေတောင်းခံနိုင်သည်မှာ သင်၏ အစီအစဉ်ပါ လုပ်ငန်းကွန်ချာတွင်ပါသည့် ကုန်ကျစရိတ်ပေးမည့် ပမာဏသာ ဖြစ်ပါသည်။ ၎င်းတွင် အရေးပေါ် ကုသသည့် ဆေးဝါးများ၊ မေ့ဆေး၊ ရောဂါဖော်ထုတ်ဓါတ်ခွဲခြင်း၊ ဓါတ်မှန်၊ ဓါတ်ခွဲခန်း၊ မွေးကင်းစစောင့်ရှောက်မှု၊ ခွဲစိတ်လက်ထောက်၊ ဆေရုံတင်ခြင်း သို့မဟုတ် အထူးကြပ်မတ်ဆောင် ဝန်ဆောင်မှုများ ပါဝင်သည်။ ဤကုသပေးသူများသည် သင့်ထံမှ လက်ကျန်ငွေ **မတောင်းနိုင်ပါ၊** ထို့ပြင် လက်ကျန်ငွေ **မတောင်းခံရ** ဟူသော ကာကွယ်မှုကို စွန့်လွှတ်ပေးရန် သင့်အား **မတောင်းဆိုနိုင်ပါ။**

ဤလုပ်ငန်းကွန်ရက်တွင် ပါဝင်သည့် ဆေးကုဌာနများတွင် အခြားသော ဝန်ဆောင်မှု အမျိုးအစားများကို ရယူပါက လုပ်ငန်းကွန်ရက်တွင် မပါဝင်သည့် ဆေးကုပေးသူများသည် လက်ကျန်ငွေ တောင်းခံခြင်းကို သင်က ခွင့်ပြုလိုက်ခြင်းနှင့် သင့် ကာကွယ်မှုကို စွန့်လွှတ်လိုက်ခြင်းမှလွဲ၍**မတောင်းခံနိုင်ပါ**။

Texas ဥပဒေကလည်း လက်ကျန်ငွေ တောင်းခံခြင်းကို တားမြစ်ထားသည်၊ ထိုသို့တားမြစ်ခံရသည့်ကိစ္စများမှာ လုပ်ငန်းကွန်ရက်တွင် မပါဝင်သည့် သမားတော် သို့မဟုတ် အခြား ဆေးကုပေးသူက လုပ်ငန်းကွန်ရက်တွင် ပါဝင်သည့် ဆေးရုံတွင် ကုသပေးသည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှု သို့မဟုတ် ပံ့ပိုးမှု လုပ်ပေးသည့်ကိစ္စအပြင် လုပ်ငန်းကွန်ရက်တွင် ပါဝင်သည့် သမားတော် သို့မဟုတ် ဆေးကုပေးသူက လုပ်ပေးသည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့်စပ်လျဉ်းပြီး ရောဂါရှာဖွေရေးဆိုင်ရာ ဓါတ်မှန်၊ ကွန်ပျူတာဓါတ်မှန်ရိုက်ပေးသည့် ဌာနများနှင့် ဓါတ်ခွဲခန်းဌာနများတို့က လုပ်ဆောင်သည့် ဝန်ဆောင်မှုများ ဖြစ်ပါသည်။

***လက်ကျန်ငွေ တောင်းခံခြင်းမှ သင့် ကာကွယ်မှုကို သင် မည်သည့်အခါမျှ စွန့်လွှတ်ရန် မလိုအပ်ပါ။ လုပ်ငန်းကွန်ရက်ပြင်ပ ဆေးကုသခြင်းမှ နုတ်ထွက်ရန်လည်း သင် မလိုအပ်ပါ။ သင့်အစီအစဉ်၏ လုပ်ငန်းကွန်ရက်ရှိ ဆေးကုပေးသူ သို့မဟုတ် ဆေးရုံ/ဆေးခန်းကို သင် ရွေးချယ်နိုင်သည်။***

## လက်ကျန်ငွေ တောင်းခံခြင်းကို ခွင့်မပြုသည့်အခါ သင် အောက်ပါ ကာကွယ်မှုများကိုလည်း ရရှိမည်-

- သင်သည် ကုန်ကျစရိတ်၏ သင် ပေးရမည့် ဝေစု (အကယ်၍ ဆေးကုပေးသူ သို့မဟုတ် ဆေးရုံ/ဆေးခန်းမှာ လုပ်ငန်းကွန်ရက်တွင်ပါဝင်လျှင် သင် သာမန်အားဖြင့် ပေးရမည့် စိုက်ပေးငွေ၊ ပူးတွဲအာမခံ၊ နှင့် နုတ်ခွင့်ရှိငွေ)

ကိုသာ ပေးရန်တာဝန်ရှိပါသည်။ သင်၏ အစီအစဉ်သည် လုပ်ငန်းကွန်ရက်တွင် မပါဝင်သည့် ဆေးကုပေးသူများနှင့် ဆေးရုံ/ဆေးခန်းများသို့ အပိုကုန်ကျငွေ တစ်စုံတစ်ရာကို တိုက်ရိုက်ပေးပါမည်။

- ယေဘုယျအားဖြင့် သင်၏ ကျန်းမာရေး အစီအစဉ်သည်-
    - အရေးပေါ်ကုသမှုများအတွက် ခွင့်ပြုချက် ကြိုတင်၍ ရယူရန် (“လက်ဦး ခွင့်ပြုချက်” ဟုလည်းခေါ်သည်) မလိုအပ်ဘဲ အကျုံးဝင်ရမည်။
    - လုပ်ငန်းကွန်ရက်တွင် မပါဝင်သည့် ဆေးကုပေးသူများမှ ကုပေးသည့် အရေးပေါ်ကုသမှုများကို အကျုံးဝင်ရမည်။
    - လုပ်ငန်းကွန်ရက်တွင် ပါဝင်သည့် ဆေးကုပေးသူ သို့မဟုတ် ဆေးကုဌာနသို့ ပေးရမည့် ငွေပမာဏ (မျှခံရမည့်စရိတ်) အပေါ် ဆေးကုပေးသူ သို့မဟုတ် ဆေးကုဌာနသို့ သင် ပေးရမည်ကို အခြေခံရမည့်အပြင် အဆိုပါ ငွေပမာဏကို သင်၏ အကျိုးခံစားခွင့် ရှင်းလင်းချက်၌ ဖော်ပြထားရမည်ဖြစ်သည်။
    - အရေးပေါ်ကုသမှုများအတွက် သို့မဟုတ် လုပ်ငန်းကွန်ရက်တွင် မပါဝင်သည့် ဆေးကုသမှုများအတွက် သင် ပေးချေရသည့် ငွေပမာဏကို သင်၏ လုပ်ငန်းကွန်ရက်တွင်ပါဝင်သည့် နုတ်ခွင့်ရှိငွေ သို့မဟုတ် အိတ်စိုက်ပေးငွေ ကန့်သတ်ချက်တွင် ထည့်သွင်းတွက်ချက်ရမည်။

**အကယ်၍ သင့်အား မှားယွင်းစွာ ငွေတောင်းခဲ့သည်ဟု သင် ထင်မြင်ပါက** မက်ဒီကဲနှင့် မက်ဒစ်အေ့ဒ် ဝန်ဆောင်မှုများဌာနများ (Centers for Medicare and Medicaid Services) ကို ဖုန်း 1-800-985-3059 ဖြင့်ဆက်သွယ်ပါ သို့မဟုတ် တက္ကဆက်စ် (Texas) အာမခံဌာန (Texas Department of Insurance) ကို ဖုန်း (800) 252-3439 ဖြင့်ဆက်သွယ်ပါ။
ဖက်ဒရယ်ပြဋ္ဌာန်း ဥပဒေအရ သင့် အခွင့်ရေးများအကြောင်း ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် https://www.cms.gov/nosurprises/consumers တွင်ဝင်ရောက်ကြည့်ရှုပါ။

တက္ကဆက်စ် (Texas) ပြဋ္ဌာန်းသည့် ဥပဒေအရ သင့် အခွင့်အရေးများအကြောင်း ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် https://www.tdi.texas.gov/medical-billing/surprise-balance-billing.html တွင်ဝင်ရောက်ကြည့်ရှုပါ။

## သင့်အား ကုသပေးမှုမှာ မည်မျှကုန်ကျမည်ဖြစ်ကြောင်း ရှင်းပြထားသည့် “သဘောရိုးဖြင့်တွက်ချက်သည့် ခန့်မှန်းခြေကုန်ကျငွေ” ကို ရယူရန် သင့်တွင် အခွင့်အရေးရှိသည်

ဥပဒေအရ ကျန်းမာရေးစောင့်ရှောက်ခြင်းဝန်ဆောင်မှုပေးသူများသည် ***ကျန်းမာရေး အာမခံ အမျိုးအစားများ မရှိသည့် လူနာများ သို့မဟုတ် ကျန်းမာရေး အာမခံ အမျိုးအစားအချို့ကို မသုံးစွဲမည့်သူများသို့*** ကုသမှုကိစ္စများနှင့် ဝန်ဆောင်မှုများအတွက် ကုသမှု မလုပ်ပေးမီ ကုန်ကျမည့် ခန့်မှန်းခြေကုန်ကျငွေအား ပေးအပ်ရန် လိုအပ်ပါသည်။

- ကုသမှုကိစ္စများ သို့မဟုတ် ဝန်ဆောင်မှုများ၏ ကုန်ကျမည့် ကျသင့်ငွေ စုစုပေါင်းကို သဘောရိုးဖြင့်တွက်ချက်သည့် ခန့်မှန်းခြေ ကုန်ကျငွေကို တောင်းခံလျှင် သို့မဟုတ် အဆိုပါ ကုသမှု သို့မဟုတ် ဝန်ဆောင်မှုကို လုပ်ရန်ချိန်းဆိုသည့်အခါ သင့်တွင် ရရန် အခွင့်အရေးရှိသည်။ ၎င်းတွင် ဆေးစစ်ဆေးမှုများ၊ ဆေးညွှန်းစာဆေးဝါးများ၊ ကိရိယာပစ္စည်း၊ နှင့် ဆေးရုံအခကြေးများ စသည့်ဆက်စပ်သော ကုန်ကျစရိတ်များ ပါဝင်ပါသည်။

- အကယ်၍ သင်သည် ဆေးကုသမှု သို့မဟုတ် ဝန်ဆောင်မှုကိုရယူရန် အနည်းဆုံး 3 ရက်ကြိုတင်၍ ချိန်းဆိုလျှင် ချိန်းဆိုမှုလုပ်သည့်နေ့ နောက်တစ်ရက် အလုပ်လုပ်ရက် 1 ရက်အတွင်း သဘောရိုးဖြင့်တွက်ချက်သည့် ခန့်မှန်းခြေကုန်ကျငွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် ဆေးကုဌာနက သင့်အား ပေးရမည်ကို သေချာပါစေ။ အကယ်၍ သင်သည် ဆေးကုသမှု သို့မဟုတ် ဝန်ဆောင်မှုကိုရယူရန် အနည်းဆုံး 10 ရက်ကြိုတင်၍ ချိန်းဆိုလျှင် ချိန်းဆိုမှုလုပ်သည့်နေ့ပြီးနောက် အလုပ်လုပ်ရက် 3 ရက်အတွင်း သဘောရိုးဖြင့်တွက်ချက်သည့် ခန့်မှန်းခြေကုန်ကျငွေကိုကျန်းမာရေးစောင့်ရှောက််မှုပေးသူ သို့မဟုတ် ဆေးကုဌာနက သင့်အား ပေးရမည်ကို သေချာပါစေ။ ဆေးကုသမှု သို့မဟုတ် ဝန်ဆောင်မှုကို ရယူရန် သင် ချိန်းဆိုခြင်း မပြုမီလည်း သဘောရိုးဖြင့်တွက်ချက်သည့် ခန့်မှန်းခြေကုန်ကျငွေကို ကျန်းမာရေးစောငရှောက်မှုပေးသူ သို့မဟုတ် ဆေးကုဌာနထံမှ သင် တောင်းခံနိုင်ပါသည်။ သင် တောင်းခံလျှင် သင်တောင်းခံပြီး အလုပ်လုပ်ရက် 3 ရက်အတွင်း စာဖြင့်ရေးသားထားသည့် သဘောရိုးဖြင့်တွက်ချက်သည့် ခန့်မှန်းခြေကုန်ကျငွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် ဆေးကုဌာနက သင့်အား ပေးအပ်စေရန် သေချာပါစေ။
- အကယ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် ဆေးကုဌာနမှ သဘောရိုးဖြင့်တွက်ချက်သည့် ခန့်မှန်းခြေကုန်ကျငွေထက် အနည်းဆုံး $400 ကျော်နေသည့် ငွေတောင်းခံလွှာကို သင် လက်ခံရပါက အဆိုပါ ငွေတောင်းခံလွှာကို သင် စောဒကတက်နိုင်သည်။

သဘောရိုးဖြင့်တွက်ချက်သည့် ခန့်မှန်းခြေကုန်ကျငွေအပေါ် သင့်အခွင့်အရေးအကြောင်း မေးစရာများရှိလျှင် သို့မဟုတ် ပိုမိုသိရှိလိုလျှင် ဝက်ဘ်ဆိုက် **[www.cms.gov/nosurprises/consumers](http://www.cms.gov/nosurprises/consumers)**တွင် ဝင်ရောက်ကြည့်ရှုပါ၊ **FederalPPDRQuestions@cms.hhs.gov**သို့ အီးမေးလ်ပို့ပါ သို့မဟုတ် ဖုန်း 1-800-985-3059 သို့ခေါ်ဆိုပါ။